# နားဆင်ရန်

Tiktok




App




ရွှေ့ပြောင်းအလုပ်သမားသတင်းအချက်အလက်စင်တာ

# Follow us

Facebook




website




www.mapradio.org

Youtube




# မက်(ပ်)ရေဒီယို

## ဖြစ်ပေါ်လာပုံသမိုင်း



# The history of MAP Radio

# သမိုင်းအကျဉ်းချုပ်

တိုင်းရင်းသား ရွှေ့ပြောင်းအလုပ်သမားများ ကျန်းမာရေး နှင့် အသိပညာပေးအစီအစဉ် မက်(ပ်)ဖောင်ဒေးရှင်း၏ လက်အောက်ခံတွင်တည်ရှိသော မက်(ပ်)ရေဒီယို အသံလွှင့်ဌာန (MAP Radio) သည် ထိုင်းနိုင်ငံအတွင်းရှိ ရွှေ့ပြောင်းအလုပ်သမားများ၏ ဘဝတိုးတက်ရေး စားဝတ်နေရေး စသည်တို့ကို အားပေးကူညီနိုင်ရန် ရည်ရွယ်ပြီး ရေဒီယိုအသံလှိုင်း၌ အသံထုတ်လွှင့်ခဲ့သည်။

## ၂၀၀၃ ခုနှစ် ဧပြီလ

၂၀၀၃ ခုနှစ် ဧပြီလ အတွင်းတွင် ချင်းမိုင်၌ ပထမဆုံး တည်ထောင်သည့် ရေဒီယိုအသံလွှင့်ဌာန FM 93 MHz အား "အာစျန်ထန်တဖိတ်အူးထိုင်းဝန် ကန်ဂျမွန်" ထိန်းချုပ်ပြီး ဆွန်ပတီပတ်ကန်လျိန်းလု ရေဒီယို ခုမ်ခွန်ဆိုင် စိမ်ဆန့်ခုမ်ခွန် အမည်ဖြင့် ထုတ်လွှင့်ခဲ့ပြီး နောက်ပိုင်းတွင် FM 99 MHz အမည်အဖြစ်ပြောင်းခဲ့သည်။




## ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလတွင် မက်(ပ်)အဖွဲ့သည် ထိုင်းနိုင်ငံ ချင်းမိုင်တွင် ပထမဆုံးအဖြစ် FM 99 MHz ရေဒီယို အသံလှိုင်း၌ "စိန်ထိမ်ဟိန်းမိုင်" အမည်ဖြင့် အသိပညာပေး သတင်းများ ၊ သီချင်းများစသည့် အစီအစဉ်ဖြင့် တစ်ပတ်တွင်တစ်ရက်တစ်နာရီ အချိန်ဖြင့် ထုတ်လွှင့်ခဲ့သည်။ ထို့ကြောင့် ရွှေ့ပြောင်းအလုပ်သမားများအတွက်သူငယ်ချင်းလိုခင်တွယ် လာခဲ့ရာမှ အလုပ်သမားများကြုံတွေ့ရသည့် အခက်အခဲများကိုလည်း ရင်ဖွင့်ဖော်ဖြစ်လာခဲ့ရုံမက အသိပညာများ ဖလှယ်သည့် အသံလှိုင်းတစ်လှိုင်းလည်း ဖြစ်လာခဲ့သည်။






## ၂၀၀၈ ခုနှစ် ဧပြီလ

၂၀၀၈ ခုနှစ် ဧပြီလတွင် မက်(ပ်) အဖွဲ့သည် ရေဒီယို အသံလွှင့်ဌာန FM 99 MHz ၌ အချိန်ပြည့် အသံလွှင့်ခွင့်ရခဲ့သောကြောင့် အသံလွှင့်ရုံးကို မက်(ပ်)ဖောင်ဒေးရှင်းရုံး နှင့် နီးကပ်သည့်နေရာသို့ ပြောင်းရွှေ့လာခဲ့သည်။ သို့သော်လည်း FM 99 MHz ရေဒီယိုအသံလှိုင်းအဖြင့်သာ ဆက်လက်ထုတ်လွှင့်ခဲ့သည်။၂၀၀၉ ခုနှစ်တွင် မက်(ပ်) ရုံးခွဲကို မဲဆောက်မြို့နယ်တွင် တိုးချဲ့ခဲ့ပြီး မီဒီယာအခန်းကဏ္ဍမှာလည်း ရေဒီယိုအသံလှိုင်း FM 102.5 MHz အဖြင့် စတင်ထုတ်လွှင်နိုင်ခဲ့သည်။ မက်(ပ်) ရေဒီယိုသည် မဲဆောက်မြို့တွင်းရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပညာပေးသည့် အသံလှိုင်းအဖြစ် လက်ခံလာပြီး နှစ်သက်နားထောင်သည့် အသံလှိုင်းလည်းဖြစ်လာခဲ့သည်။ ချင်းမိုင် MAP Radio အသံလွှင့်ဌာန FM 99 MHz က ရှမ်း နှင့် ထိုင်းဘာသာ အဓိကသုံးပြီး မဲဆောက် FM 102.5 MHz ကတော့ မြန်မာနှင့်ထိုင်း ထုတ်လွှင့်ပေးနေပါသည်။ အခြားသောတိုင်းရင်းသား ဘာသာစကား အာခါ ၊ လားဟူ ၊ ရခိုင် နှင့် လန်းနာ စသည်တို့လည်း နားဆင်နိုင်ပါသည်။

Supported by:

9/34 Moo 1 Ing Doi Village Liab Klong
Chonprathan Road, Chang Phueak Subdistrict,
Mueang District, Chiang Mai 50300

media@mapfoundationcm.org

www.mapfoundationcm.org

053 - 328 133




၂၀၁၄ ခုနှစ် မေလ ၂၂ ရက်နေ့တွင် ထိုင်းနိုင်ငံတွင်း နိုင်ငံရေးမငြိမ်မသက်မှုနှင့် အာဏာသိမ်းမှုများ ဖြစ်ပွားခဲ့ပြီး ထိုင်းနိုင်ငံတဝှမ်းရှိလူထုရေဒီယိုအသံလွှင့်ဌာနများ ထုတ်လွှင့်ခြင်းမပြုရန် ပူးပေါင်းဆောင်ရွက်ရန် တောင်းဆိုခဲ့သည်။ အဲဒီနောက်ပိုင်း လိုင်စင်လျှောက်ထားရန် လအတန်ကြာ ကြိုးစားခဲ့ပြီးနောက် ၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် မက်(ပ်) ရေဒီယို ပြန်လည်စတင် ထုတ်လွှင့်နိုင်ခဲ့ပါသည်။

နောက်ပိုင်းတွင် MAP Radio အစီအစဉ်များ ပြန်လည်ဖွင့်လှစ်ခဲ့ပြီး သတင်းအချက်အလက်ပေးရန်အတွက် ၎င်း၏ လှုပ်ရှားမှုများကို ချဲ့ထွင်ရန် နည်းလမ်းအသစ် Channels များ ရှာဖွေအသုံးပြုခဲ့သည်။ မက်(ပ်) ရေဒီယိုသည် ပရိုဂရမ်အမျိုးမျိုးကို ဖန်တီးထားပြီး Platform များပေါ် ကြည့်ရှုနားထောင်နိုင်သောကြောင့် ချင်းမိုင်အတွင်းအလုပ်သမားများသာမက အခြားမြို့များတွင်လည်း နေရာတိုင်း အချိန်တိုင်း အလွယ်တကူနားဆင်နိုင်ပါသည်။ ■■■